# ရိုဓလျှင်းဝေ

ဆူးသင့်ရှက်



(၁)

မိုးသက်လေအဝေ့မှာ အိုမင်း ရင့်ရော်နေတဲ့ ရွက်ဝါလေးတွေ ပွင့်သက်ကြွေကုန်ကြလေပြီ။ ဝေ့ဝဲ လာသော လေဟု န်မှာ ဝဲပျံ့ခိုစီးပြီး မြေပြင်သို့ ခကြွေကျရလေပြီ။

သူမရဲ့ ကိုယ်နားက ဝေ့ကာဝဲကာနဲ့ ကြွေကျသွားတဲ့ ရော်ရွက်ဝါလေးတွေကို လှမ်းကြည့်ရင်း ဖြူနု၍ ဖူးဝါဝါလေး လှနေတဲ့ မိန်းမလှလေး ညည်းတွားလိုက်ပါသည် ။

"သနားစရာ သစ်ရွက်ဝါလေးတွေ သက်တမ်းကုန်လို့ မြေပေါ် သက်ဆင်းရပြီနော်"

ကဗျာဆန်ဆန် မျက်နှာ မှုန်အစ်အစ်လေးနဲ့ ပြောလိုက်တဲ့ သူမကို အတူတွဲလျှောက်လာတဲ့ သူငယ်ချင်း နှစ်ယောက်က တအံ့တဩ သူမကို ကြည့်လိုက်သည် ။

"ဟ.... စိမ်းလဲ့ရည်တစ်ယောက် စိတ်မှ ကောင်းသေးရဲ့ လား"

"အေး.... ဒီနေ့ သိပ်ကို ကဗျာဆန်နေပါလား"

သူငယ်ချင်း နှစ်ယောက်ကို မကြည့်မလင် မျက်နှာလေးနဲ့ စိမ်းလဲ့ရည် ဆိုတဲ့ မိန်းမချောလေး က လှည့်ကြည့်သည် ။

"စိတ်လဲကောင်းတယ်၊ လူလဲကောင်းတယ် အားလုံးကောင်းတယ်...

. သိလား"

"ဟာ.... ဟ၊ အားလုံးကောင်းတယ် ဆိုပါလား"

မချိုမချဉ် မျက်နှာလေးနဲ့ သူငယ်ချင်း နှစ်ယောက်က သူမကို ကြည့်ပြီး ရယ်ဟဟရှိနေကြ သည် ။

"မိန်းမတွေနော် မျက်နှာကိုက အပိုးမကျိုးဘူး"

သူငယ်ချင်းမနှစ်ယောက်ဖြစ်တဲ့ မေသိမ့်နဲ့ နုထွေးကို စိမ်းလဲ့ရည်က ငေါက်ငမ်းသည် ။

တောင်ငူဆောင်ရဲ့ ကင်တင်းမုန့်ဆိုင်များ ဆီသို့ လျှောက်လာကြခြင်း ပါ၊ မြန်မာစာ တတိယ နှစ်ကျောင်းသူလေး သုံးယောက် ဖြည်းလေးညင် သာစွာ စားသောက်တန်းများ ဆီသို့ လျှောက်ခဲ့ကြ သည် ။

ကြီးမားသော သစ်တိုပင်ကြီးများ အောက်မှာ ရှိနေသော လက်ဖက်ရ ည်ဝိုင်းက ကျောင်းသား အချို့ရဲ့ အကြည့်တွေ သူမတို့ ဆီသို့ စုပြုံ ထိက ပ်လာသည် ။

သုံးယောက်ရဲ့ အလယ်က လျှောက်ခဲ့သော စိမ်းလဲ့ရည်ရဲ့ လှပကြော့ ရှင်းသော ကိုယ်လေးကို ငေးကြည့်နေကြသည် ။ လှပမှုတွေ ပေါင်းစုံဖွဲ့စ ည်းစုဝေးနေတဲ့ စိမ်းလဲ့ရည်ကို မျက်ဝန်းတောက် တောက် တွေနှင့် ကြ ည့်နေကြသည် ။

ဖြောင့်စင်းနေတဲ့ ပေါင်တံလေးတွေက မျဉ်းတစ်ကြောင်းတည်းကျပုံ စံ ခြေလှမ်းတွေလှမ်း တိုင်း ဆင်နှာမောင်း သဖွယ်လှပနေပြီး ထင်းထင်း ကြီး ပေါ်နေလေသည် ။

ဘီဘဲလ် လုံချည် ရှဉ့်သွေးရောင်အောက်မှာ ပြေပြစ်အချိုးကျနေတဲ့ ကိုယ်လုံး ကိုယ်ဟန်က ရှန်းထပေါ်လွင်နေသည် ။

ဖြူဖွေး နုညက်နေတဲ့ အသားအရေက အဝေးကပင် ထင်းလင်း ထင်ရှားစွာ မြင်နေရလေ သည် ။ ဖြောင့်စင်းပြီး ပိုးသားလို ပျော့ခွေ မည်းနက် ခက်ဝေတဲ့ ဆံပင်တွေလေအသော့မှာ နော့နေ လေသည် ။ နဖူးပေါ်က ဆံနွယ်တွေ လေအသင့်မှာ လွင့်နေ၍ ပြေပြစ်သော နဖူးပြန့်ပြန့်လေးကလည်း ထင်းနေအောင် ပေါ်လာသည် ။

မည်းနက် တုတ်ခိုင်တဲ့ မျက်ခုံး ဖြောင့်စင်းနေတဲ့ နှာတံ၊ ပြီးတော့.... ရွှန်းလဲ့ တောက်ပနေတဲ့ မျက်ဝန်းစိုစို၊ နီထွေးပြည့်တင်းနေတဲ့ နှုတ်ခမ်းဖူးဖူးလေးတွေက စိမ်းလဲ့ရည်ရဲ့ အလှကျက်သရေကို ဖော်ကျူးနေပါသည် ။

ရှဥ့်သွေးရောင် ဆွစ်ဇာလန် ဇာခါးတင်အင်္ကျီကလည်း လွန်စွာ ခေတ်မီ ဆန်းပြားစွာ ချုပ်ထား သည့် ပုံစံပါ။

သစ်ပင်အောက်ရှိ စားပွဲဝိုင်းတစ်ခုက ကျောင်းသားအချို့ စိမ်းလဲ့ရည်က လှပမှုကို ကသိုင်းရှူ ခံစားနေကြသည် ။ ဒါပေမဲ့ အဲသည် ဝိုင်းမှာ ထူးခြားသူတစ်ယောက်က ရှိနေသည် ။

သည် လောက် လှပ ချောမွေ့ပြီး ကျောင်းမှာ စန်းပွင့်လွန်းတဲ့ စိမ်းလဲ့ရည်ကို ယောင်လို့ တောင် လှည့်မကြည့်မိ သူက ရှိနေသေးပါသည် ။

"ဟိတ်ကောင်.... တက်နေထူး၊ ဟိုမှာ ကြည့်စမ်းပါကွာ၊ စိမ်းလဲ့ရည်တစ်ယောက် ဘယ် လောက် လှလဲ"

အသားညိုညို၊ ကိုယ်လုံး ထွားထွား၊ အရပ်မြင့်မြင့်နဲ့ ထွားကျိုင်းနုပျိုနေတဲ့ တက်နေထူးကို ဘေးကသူငယ်ချင်းက တံတောင်နှင့်တွက်ပြီး ပြောသည် ။

"ဟော့ကောင် မင်းကလဲ ကြည့်ပါဆို...."

"မကြည့်ချင်ပါဘူးကွာ"

"တက္ကသိုလ်မှာ နေပြီး အလုအပကို မင်းမခံစားတတ်တာ သိပ်တုံး တယ်ကွာ"

သူငယ်ချင်းဝေမောင်က ပြောသည် ။ ဆံပင်လှိုင်း ပြေပြေလေးတွေ နဖူးပေါ်ဝဲပြီး မျက်ဝန်း စူးရှ တောက်ပြောင်တဲ့ တက်နေထူးကို အားမရ အောင် ဖြစ်နေသည် ။ မျက်ခုံး ထူထူ တုတ်တုတ်၊ သိပ် မချွန်လွန်းတဲ့ နှာ ခေါင်းစင်းစင်း၊ ပိပြား ဆူတည်သော နှုတ်ခမ်းတွေကို ပိုင်ဆိုင်ထားတဲ့ တက်နေထူး။ လူချော လူခန့် စာရင်းမှာ ထိပ်ဆုံးက ပြေးနေလေသည် ။

တန်ဖိုးကြီး အဝတ်အစားတွေနဲ့ မွမ်းမံဝတ်ဆင်ထားတဲ့ သူငယ်ချင်း တွေ အလယ်မှာ တက်နေထူး၏ အဝတ်တန်ဆာက လွန်စွာ အဆင့်နိမ့် နေပါသည် ။

ထောင်ကျော် စပို့ရှပ်၊ ထောင်ကျော် ဘောင်းဘီ၊ ထောင်ကျော် ဝေါက င်းရှူးတွေကြားမှာ ရာကျော်ပုဆိုး၊ ရာကျော်ရှပ်နှင့် ရာကျော် သားရေဖိန ပ်နှင့် ထည်ဝါနေရတဲ့ တက်နေထူးပါ။

စိမ်းလဲ့ရည်ဆိုတဲ့ အလှသတင်းတွေ မွှေးနေတဲ့ မိန်းမချောကို တက် နေထူး မသိဘဲ ရှိပ့ါမ လား။ အင်္ဂလိပ်စာ အဓိကနှင့် မြန်မာစာ အဓိက တစ်ဆောင်တည်း ကျောင်းတက်ရတာ၊ ဆုံတွေ့နေ ရတာပဲ။

စိမ်းလဲ့ရည် ဘယ်လောက်ချော၊ ဘယ်လောက်လှတယ်ဆိုတာ ကျော င်းသားတိုင်း အသိ။

ပြီးတော့ စိမ်းလဲ့ရည်ရဲ့ ဘေးမှာ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတယ် ဆိုတာလည်း သူသိမှ သိပ်သိတာပေ့ါ။

"စိမ်းလဲ့ရည်ကို ဆုံတိုင်း မင်းတစ်ယောက်ပဲ မကြည့်ဘဲ နေနိုင်တယ်

ကွာ"

"မင်းတို့ ဘာသာ ဝအောင် ကြည့်ကြကွာ"

လေပြည် လေအေးလေးနှင့် တက်နေထူးက ပြောလိုက်သည် ။ အေး ဆေးတည်ငြိမ်တဲ့ တက် နေထူးကို သူငယ်ချင်းတွေက တစ်ခါတစ်ခါလုံး ဝ အားမရပါ။

"မင်းကလဲကွာ လူငယ်စိတ်လေး နည်းနည်းပါးပါး မွေးပါဦး...."

သူငယ်ချင်းဝေမောင်ကို မျက်ခုံးထူထူတွေ အတွန့်ချိုးပြီး ကြည့်လိုက်ပါသည် ။

"ဘယ်လို လူငယ်စိတ် မွေးရမှာ လဲ ဝေမောင်"

"လှတာမြင်ရင် ငမ်းပေါ့၊ မိန်းကလေး လှလှမြင်ရင် နည်းနည်းတော့ ကြည့်ပေါ့ကွာ၊ ခုတော့ မင်းဟာက အာသဝေါကုန်ခန်းနေတဲ့ ရသေ့ ကျ နေတာပဲ"

ဝေမောင်ရဲ့ စကားကြောင့် တက်နေထူး ပြုံးလိုက်မိပါသည် ။

လှကာ ချောဘာမြင်လျှင် လည်ပင်းကြီး တစ်ပတ်လည်အောင် သွား ရည် တမြားမြားနဲ့ ငမ်း တဲ့ ဝေမောင်အကြောင်း သိပြီးသား။ သူနဲ့ စလျှ င် တက်နေထူးက တကယ့်အိန္ဒြေရှင် ဖြစ်နေ ရပြီပေါ့။

တက်နေထူးလည်း လူပျို လူငယ်ပဲ၊ အလှအပကို မခံစားတတ် ရှိပ့ါမ လား၊ ခံစားတတ်တာ ပေါ့။ ဒါပေမယ့် တက်နေထူးရင်ထဲ လုံးဝ အဝင်မ ခံနိုင်သေးတာ အချစ်လေ၊ သည် လှပမှု စိတ်ဝင်စား မှုတွေက စပြီး ပေါ က်ဖွားလာမယ့် အချစ်ကို တက်နေထူး လုံးဝ မလိုလားပါဘူး။

အချစ်အတွက် တက်နေထူးမှာ အချိန် မပေးနိုင်သေးဘူးလေ။

နယ်ကနေ ကျောင်းလာနေပြီး အပြင် ဘော်ဒါဆောင်မှာ ငှားနေရတဲ့ တက်နေထူး။ ပညာကိုပဲ အပတ်တကုပ် ကြိုးစားချင်ပါတယ်။ သိပ်မချောင်လည်တဲ့ မိဘတွေကို တက်နေထူး ညှာတာရမည်၊ ထောက်ထားရမည် မဟုတ်လား။

တက်နေထူးလည်း နှလုံးသားနဲ့ လူသားပါ။ အလှအပကို ခံစားတတ်သလို မြတ်နိုးတတ်ပါ တယ်၊ သူ့မှာ ရှိနေတဲ့ နှလုံးသားကိုတော့ ဘယ်သို့သော အချစ်တရားတွေ ဝင်ရောက် ခံစားခွင့် မပြု နိုင်ပါ။

အထူးသဖြင့် အလှအပကနေ မြစ်ဖျားခံလာမယ့် ချစ်စိတ်တွေကို အကြောက်ဆုံးပါ။

"နေကွာ....မင်းမကြည့်ချင်နေ ငါကတော့ တဝကြီး အီစိမ့်အောင် ကြည့်ပစ်လိုက်မယ်"

တရွေ့ရွေ့နဲ့ သူတို့ နှင့် နီးကပ်လာသော စိမ့်လဲ့ရည်ကို ဗို့အားအပြင်းဆုံး အကြည့်တွေနှင့် ဝေမောင်က ကြည့်နေပါသည် ။ တက်နေထူးနဲ့ ထိုင်နေတာ ငါးယောက်။ သည် ငါးယောက်လုံးရဲ့ အကြည့်တွေ စိမ်းလဲ့ရည်တို့ နားမှာ ဝဲပျံနေသည် ။

စိမ်းလဲ့ရည်တို့ တစ်သိုက် မျက်လုံးလေး ဝေ့အကြည့်....သူတို့ သည် မျက်လုံးပေါင်းများ စွာရဲ့ တည်ချက်ဖြစ်နေတာ တွေ့လိုက်ရသည် ။ ဒါလည်း ဆန်းတာမှ မဟုတ်တာ။ စိမ်းလဲ့ရည်တို့ သည် လို အကြည့်ခံရတာ ရိုးနေပါပြီလေ။

အကြည့်စူးစူးတွေကြောင့် ရှိုးတိုးရှန်းတန်း လုံးဝ ဖြစ်သွားခြင်းမရှိ။ ခပ်တည်တည် ခြေလှမ်း မပျက် မျက်နှာလေးမော့ပြီး ဆီချက်ဆိုင်ဆီသို့ လှမ်းခဲ့ကြသည် ။

စိမ်းလဲ့ရည်တို့ စားပွဲမှာ ရှီးတောင့်တောင့် ရုပ်ဖြောင့်ဖြောင့် ကျောင်းသား တစ်ယောက် ဝင် ထိုင်လိုက်တာ တွေ့ရသည် ။

ထိုကျောင်းသားနှင့် စိမ်းလဲ့ရည်တို့ ရယ်ရယ်မောမော စကားပြောစားသောက်နေတာ တွေ့ရ သည် ။ ထိန်းချုပ်ထားပါရက်နဲ့ တက်နေထူးရဲ့ မျက်လုံး တစ်ချက်ဝင့်ခနဲ သူတို့ ဆီ ရောက်သွားသည် ။ ဖက်လဲ့တကင်း ရှိလှတဲ့ မြင်ကွင်းကို အမြန် လွှဲပစ်လိုက်ပါသည် ။

*****

(၂)

ဟွန်ဒါဆီပစ် ကား အဖြူလေးကို ကိုယ်တိုင်မောင်းပြီး ကျောင်းသို့ စိမ်းလဲ့ရည်က တက် သည် ။ ချောမွေ့လှပလွန်းသည့်အပြင် ကြွယ်ဝချမ်းသာမှုက စိမ်းလဲ့ရည်ရဲ့ အလှကို ဖြည့်ဆည်း ပေးနေပါတယ်။ ခေတ်မီလွန်းစွာ ဝတ်နိုင်စားနိုင်လွန်းတော့ စိမ်းလဲ့ရည်ရဲ့ အလှက ပိုပြီး တောက်ပြောင် ပေါ်လွင်နေရသည် ပေ့ါ။

နောက်တစ်နေ့ ကျောင်းမှာ စိမ်းလဲ့ရည်ကို ကင်တင်းမှာ တွေ့ရသည် ။ မနေ့က တွေ့ရသော ခေတ်ဆန်ဆန် သားနားစွာ ဝတ်ဆင်ထားတဲ့ အမျိုးသားနှင့်ပါပဲ။

ထိန်းထားသည့် ကြားက ရောက်သွားသည့် အကြည့်ကို တက်နေထူးက ပြန်၍ ရုပ်သိမ်းလိုက် သည် ။

ရင်ထဲမှာ ကျင်ရှရှဖြစ်သွားတာ အမှန်ပါ။

"အို.... သူနဲ့ ငါဘာဆိုင်တာမှတ်လို့ "

စိမ်းလဲ့ရည်ထံမှ အကြည့်ကို လွှဲလိုက်သည် ။ အတွေးတွေကိုလည်း ပြန်၍ စုစည်း သိမ်းဆည်း လိုက်ပါသည် ။

"ဟော့ကောင်.... စိမ်းလဲ့ရည်က မနေ့က ကောင်နဲ့ တွဲနေပြန်ပြီကွ..."

ဝေမောင်က စိတ်ဝင်တစားကြီး အားရပါးရပြောသည် ။ ဝေမောင့် မျ

က်နှာကို ခပ်တည်တည် ပင် တက်နေထူး ကြည့်သည် ။

"သူ့ ဘာသာ ဘယ်သူနဲ့ တွဲတွဲပေါ့ကွာ...."

"ကြားထဲက နှမြောလွန်းလို့ ပါကွာ...."

ဝေမောင်က စပ်ဖြီးဖြီးနဲ့ ပြောသည် ။ သူက မကြည်မလင် မျက်နှာထားနှင့် ဝေမောင့်ကို ကြည့်ပစ်သည် ။

တက်နေထူးရဲ့ စိတ်ထဲမှာ တော့ စိမ်းလဲ့ရည်ရဲ့ အကြောင်းတွေကို တွေးလိုက်မိပြန်သည် ။

သိပ်လှ၊ သိပ်ချော အစစအရာရာ ပြည့်စုံနေတဲ့ စိမ်းလဲ့ရည်၊ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ စိမ်းလဲ့ရည်၊ ထို စိမ်းလဲ့ရည် ဆိုသော အလှနတ်သမီးလေးကို မလှမ်းမကမ်းကသာ သူကြည့်ခွင့် ရခဲ့သည် သာ။

မိန်းကလေးတွေရဲ့ အလှတရားက ဣန္ဒြေသိက္ခာလို့ လူကြီးသူမတွေက ပြောကြတယ်။ ဒါဆို ရက်ရက်စက်စက် လှနေတဲ့ စိမ်းလဲ့ရည်မှာ အလှတရားမရှိချေပြီလား၊ ဣန္ဒြေသိက္ခာတွေ မဲ့နေလို့ အလှတရားတွေ ကွယ်ပျောက်နေပြီလား။

စိတ်မသက်မသာနှင့် တွေးရင်း သည် သဘောထားကို သူလက်မခံနိုင်တာ အံ့ဩစွာ သိရ သည် ။

"စိမ်းလဲ့ရည်က ဣန္ဒြေသိက္ခာမဲ့နေတဲ့ မိန်းမလေးမှ မဟုတ်တာဘဲ"

ရင်ထဲက ပြင်းပြင်းပြပြလေး ကန့်ကွက်ပေးနေပါသည် ။ စိမ်းလဲ့ရည်နေပုံထိုင်ပုံက လုံးဝ မကလက်။ ဟိုနားသည် နား ဟိုသစ်ပင်အောက် သည် သစ်ပင်အောက်မှာ စုံတွဲ ထိုင်တာလည်း မတွေ့ ရ။ ဒါပေမဲ့ သူတို့ သူငယ်ချင်းမတွေ ကင်တင်းမှာ ယောကျ်ား အမျိုးစုံနဲ့ တွဲထိုင် တာကိုတော့ တွေ့နေ ရသည် ။

တက်နေထူး သည် နေ့တစ်ယောက်တည်း ကင်တင်းကပြန်လာခဲ့သည် ။ တောင်ငူဆောင် အဝင်ဝမှာ စိမ်းလဲ့ရည်တို့ သူငယ်ချင်း သုံးဦး တူယှဉ်တွဲလျှောက်လာတာနှင့် ဆုံသည် ။

မျက်နှာချင်းဆိုင် မဖြစ်အောင် သူက ကွေ့ဝိုက်၍ လျှောက်လိုက်သည် ။ သည် နေ့ စိမ်းလဲ့ရည် တို့ သူငယ်ချင်း သုံးဦး တူယှဉ်တွဲ လျှောက်လာတာနှင့် ဆုံသည် ။

မျက်နှာချင်းဆိုင် မဖြစ်အောင် သူက ကွေ့ဝိုက်၍ လျှောက်လိုက်သည် ။ သည် နေ့ စိမ်းလဲ့ရည် နားမှာ ခစားနေတဲ့ ယောကျ်ားပျို တစ်ဦးတစ်ယောက်ကိုမျှ မတွေ့မိပါ။

အလှမ်းဝေးစဉ်က စိမ်းလဲ့ရည်ကို လျှပ်ခနဲ ပေ့ါပေ့ါလေး တစ်ချက်ကြည့်ပြီး အကြည့်ကို လွှဲခဲ့သည် ။ မျက်နှာလေးမော့၊ မျက်ကြောလေး စင်းစင်းချပြီး၊ ကြော့ကြော့မော့မော့ လျှောက်လာတဲ့ စိမ်းလဲ့ရည်ကို တွေ့ရသည် ။ လျှပ်တစ်ပြေး အကြည့်နှင့်ကြည့်ခဲ့ပေမယ့် စိမ်းလဲ့ရည်ရဲ့ ရုပ်သွင်က ဘာကြောင့်၊ သူမျက်ဝန်းမှာ စွဲငြိကပ်ပါလာပါလိမ့်။

စာသင်ခန်းသို့ တက်နေထူးဝင်ခဲ့သည် ။ ဝေမောင်နှင့် အခြားသူငယ်ချင်းတွေ မရောက် သေးပါ။ တစ်ယောက်တည်း ခုံမှာ ဝင်ထိုင်လိုက်သည် ။

လက်ချာလိုက်ပြီးသား စာအုပ်ကို စားပွဲပေါ်မှာ ဖြန့်ပြီးဖွင့်သည် ။ သူ့ရဲ့ အကြည့်တွေကို စာအုပ်ဆီသို့ ပို့ထားသည် ဒါပေမဲ့ သူ့ရဲ့ စိတ်တွေ ရှေ့က စာအုပ်ထဲမှာ မရှိ။ စောစောက တွေ့ခဲ့တဲ့ မှုန်နေအောင် ချောနေတဲ့ စိမ်းလဲ့ရည်ထံသို့ ခုန်ပျံ ပြေးနေပါ သည် ။

စိမ်းလဲ့ရည်နှင့်ဆုံလေတိုင်း သူရဲ့ အကြည့်တွေ စိမ်းလဲ့ရည်ထံ မကြာမကြာရောက်ခဲ့ပေမယ့် စိမ်းလဲ့ရည်ထံမှ အပေါ်ယံလျှပ်ပြေးတဲ့ အကြည့်

လေးတစ်ခုတောင် သူ မရရှိခဲ့ပါလား။

"ဩော်.... အခြေကြီးတဲ့ ရွှေမင်းသမီးလေးက ငါ့လို အညတရကို ဂရုစိုက်ပါ့မလား။ ပေါ်ဒွေးချမ်းသာတဲ့ သူတွေ သူ့နားမှာ ပတ်လည်ဝိုင်းနေတာ၊ ငါ့လို လူကို ဘယ်ဂရုစိုက်နိုင်မလဲ..."

ထိုသို့တွေးရင်း တက်နေထူး သူ့ကိုယ်သူ တော်တော်လေး မကျေမနပ် ဖြစ်နေပါသည် ။ စိမ်းလဲ့ရည်ရဲ့ ဂရုစိုက်မှု၊ သတိပြုမှုတွေကို သူ ဘာကြောင့် ရတ်တရက်ကြီး တမ်းတမ်းတတ လိုချင် နေပါလိမ့်။

တစ်ချိန်လုံး ဝေမောင့်ကို စိမ်းလဲ့ရည်အား လုံးဝစိတ်မဝင်စားဘူးဟု ကြွေးကြော်ခဲ့ရာမှာ ဘာကြောင့် ရတ်တရက်ကြီး သူ့ကို အလေးထားမိပါလိမ့်။

သူ့ရဲ့ အတွေးအတော်များများကို စိမ်းလဲ့ရည်က သိမ်းပိုက် ပိုင်ဆိုင်နေတာ အံ့ဩစွာ သိလိုက် ရပါသည် ။ မိုးနဲ့ မြေလို အဆင့်အတန်းကွာခြားလွန်းတဲ့ ၊ စိမ်းလဲ့ရည်ကို သူ စိတ်မဝင်စားချင်ပါဘူး၊ စိတ်မဝင်စားသင့်ပါဘူးလေ။

ဒါပေမဲ့ သူ့စိတ်တွေကဘာလို့ များ ၊ မသိသာ ဆိုးဝါးစွာ စိမ်းလဲ့ရည်ကို တွယ်ငင်နေရတာလဲ။

စိမ်းလဲ့ရည်ဆိုသော အလှနတ်သမီးလေးက သူ့ရဲ့ ဘဝနှင့်လားလားမှ မအပ်စပ်နိုင်သည့် မိန်းမလေးပါ။ တော်ဝင်ပန်းကကိုင်ရှုက ရွှေနန်းနဲ့ ပဲထိုက်တန်ပေမပေ့ါ၊ အညတရ လူမွဲတေနဲ့ ဘယ်လို ထိုက်တန်နိုင်မှာ လဲ။

"ဘာဆိုင်တာလိုက်လို့ လဲ၊ အမဲရိုးရယ်က ဟင်းအိုးကိုမှ အားမနာသလို ဖြစ်နေမှာ ပေ့ါ...."

အားငယ်စိတ်များ အစုလိုက် အပြုံလိုက် သူ့ရဲ့ ရင်ထဲဝင်ရောက် ထိုး

နက်နေလေသည်။

"ဟော့ကောင် စာအုပ်ကြီး ရှေ့ချပြီး လင်းတကြီး မှိုင်သလို ဖြစ်နေတာလဲကွ..."

အနားရောက်လာတဲ့ ဝေမောင်က သူ့ရဲ့ ကျောကို ဗုန်းခနဲ ပစ်ရိုက်ပြီး ပြောသည်။ အတွေးပျံ့ နေတဲ့ တက်နေထူး လန့်ပြီး ကိုယ်တောင် ဆတ်ခနဲ တုန်သွားသည်။

"မင်း မတွေ့လိုက်တာ နာတယ်ကွာ"

ဝေမောင်က စာသင်ခုံတန်းမှာ ဝင်ထိုင်လိုက်ပြီး အသံကျယ်ကျယ်နဲ့ ပြောသည်။

"ဘာလဲကွ...."

မျက်မှောင်ကြီး အတွန့်ချိုးပြီး တက်နေထူးက မေးသည်။

"ဒီနေ့... စိမ်းလဲ့ရည် အရမ်းလှတယ်ကွာ..."

"ဒါများကွာ..."

ဝေမောင် မပြောခင်ကတည်းက စိမ်းလဲ့ရည် သည် နေ့ ဘယ်လောက်လှနေတယ်ဆိုတာ သူ သိပြီးသားပါ။ သိပ်စိတ်ဝင်စားနေမှုက ရင်ထဲမှာ ကြီးစိုးနေတယ်။ ဒါပေမဲ့ စိမ်းလဲ့ရည်ကို စိတ်ဝင်စား ဟန်ဖြင့် ခပ်တည်တည် မျက်နှာနှင့် တက်နေထူးက ပြောလိုက်သည်။

လွှန်ကဲစွာ စိတ်ထဲက ဝင်စားမှုကို မဝင်စားယောင် တမင်းပင်မေ့ဖျောက် ပစ်နေရသည်။

"ဒီနေ့ ထူးဆန်းတယ်ကွ၊ သူ့နားမှာ ဘယ်သူမှ အခစား ဝင်မနေဘူး"

"မင်းကလဲကွ၊ ဒီအမျိုးသမီးအကြောင်းပဲ ပြောနေတာ၊

လျှာမညောင်းဘူးလား..."

"ဒါလောက်လှတဲ့ မိန်းကလေးအကြောင်း ပြောရတာ လျှာညောင်းမလားကွ၊ ပါးစပ်ထဲကို ချိုအီနေအောင် အရသာကို ရှိနေတာပဲ"

တက်နေထူးက စိတ်ပျက်ဟန်နှင့် ဝေမောင့်ကို ကြည့်သည် ။ ပြီးတော့ သူ့စိတ်တွေ စိမ်းလဲ့ ရည်ထံ ပျံ့မသွားဖို့ ထိန်းချုပ်လိုက်သည် ။

ဆရာ ဝင် လာပြီမို့ ပျံ့လွင့်နေတဲ့ စိတ်တွေကို စုစည်းပြီး သင်ပြနေတဲ့ လက်ချာမှာ အာရုံကို နှစ်လိုက်သည် ။

သည့်ပြင်လူတွေထက် တက်နေထူးက စာပိုကြိုးစားရမည် မဟုတ်လား။

*****

(၃)

ကမာရွတ် လှည်းတန်းမှာ အပြင်ဆောင် ဌားနေသော တက်နေထူး လှည်းတန်းက ထမင်း ဆိုင်မှာ ပဲ ထမင်းလခနှင့် ပေးစားရသည် ။

သည် နေ့ ထမင်းစောစောစားပြီး ကျောင်းကို စောစော ထွက်ခဲ့လေသည် ။

သူ့ရဲ့ ဆရာနှင့် စာအကြောင်း ဆွေးနွေးချင်၍ တမင်စောစော ထွက်ခဲ့လေသည် ။

အဓိပတိလမ်းမကြီးထဲသို့ ဝင်ခဲ့သည် ။ ဝင်းတံခါးကြီး အလွန်လေးမှာ သူ့အမြင်နှင့် သူ သိပ်ရင်းနှီးခဲ့တဲ့ ဟွန်ဒါစိပစ် ကားဖြူလေး ငြိမ်သက်စွာ ရပ်နေတာ တွေ့ရသည် ။ ထူးခြားသည် က ကားလေးရပ်နေတာ မဟုတ်။ ကားစက်ဖုံးကို ဖွင့်ပြီး စိတ်ပျက်စွာ ခါးလေးထောက်ပြီး ကားရဲ့ စက်ကို ငုံ့ကြည့်နေတဲ့ စိမ်းလဲ့ရည်ပါ။

သည် လို ဖြစ်နေတဲ့ ပုံစံက မေးစရာမလို။ ရှင်းနေပြီပဲ။ ကားပျက်၍ စိမ်းလဲ့ရည် စိတ်ရှုပ်နေတာ ပေါ့၊ တဖြည်းဖြည်း လျှောက်လာရင်း စိမ်းလဲ့ရည်ကိုလှမ်းကြည့်လိုက်သည် ။

လွန်စွာစိတ်ရှုပ်ထွေးနေပုံဖြင့် မျက်နှာလေး ညိုမှောင်နေတာ တွေ့ရသည် ။ စိမ်းလဲ့ရည်ကို ဖြတ်ကျော်သွားရမလား။ ဒါမှ မဟုတ် သွားရောက်ကူညီရမလားဟု သူဝေခွဲမရစွာ ဖြစ်နေသည် ။

"သူတစ်ယောက်တည်း ဒုက္ခရောက်နေရှာတယ်၊ လူမှုရေးအရ ငါသွားပြီး အကူအညီပေးသင့် ပါတယ်"

ထိုဆုံးဖြတ်ချက်နဲ့ အတူ စိမ်းလဲ့ရည်ထံသို့ ခြေလှမ်းမှန်မှန်နဲ့ လျှောက်ခဲ့သည် ။ အနားသို့ သူ ရောက်သွားစဉ် စက်ခေါင်းကို ငုံ့ကြည့်နေတဲ့ စိမ်းလဲ့ရည်ရဲ့ အကြည့် သူ့ဆီကို ထိကပ်လာသည် ။

"ဟာ..."

ရင်ထဲမှာ လှိုက်ဖို ဟာဆင်းသွားသည် ။ တစ်ခါဖူးမှ မတွေ့ခဲ့ရလေတဲ့ မျက်ဝန်းအကြည့်ကို သူ ရရှိပါသည် ။

"လှလိုက်တဲ့ မျက်ဝန်းလေးရယ်"

အမြဲတမ်း မျက်လွှာချထားတာနှင့်သာ ဆုံခဲ့ရသည် ။ ဒါကြောင့်မို့လို့ စိမ်းလဲ့ရည်ရဲ့ မျက်ဝန်း အလှကို သူမတွေ့ခဲ့ဖူး၊ မဆုံခဲ့ဖူးပါ၊ ခုလို အနီးကပ် မြင်ရခိုက် သူ့ရင်ထဲမှာ စိမ်းလဲ့ရည်ရဲ့ ညို့မျက် ဝန်းကြောင့် ရင်ထဲပြောင်းဆန်သွားရပါသည် ။

ရုတ်တရက် သတိလက်လွတ် လှပလွန်းတဲ့ မျက်နှာကို ငေးမိသည် ။ စိမ်းလဲ့ရည်ရဲ့ မျက်ဝန်း တွေက အကူအညီရလိုမှုဖြင့် မျှော်လင့်ချက်ရောင်ခြည်တွေ သမ်းနေသည် ။

ရိုင်းစိုင်းသလို ဖြစ်သွားတဲ့ အကြည့်စူးစူးတွေကို သူပြန်ရုပ်သိမ်းလိုက်ပါသည် ။

"ကျွန်တော် ဘာကူညီရမလဲ"

လေသံအေးအေးနဲ့ လှုပ်ရှားနေတဲ့ စိတ်ကိုထိန်းပြီး မေးသည် ။

"ဟို... စိမ်းလဲ့ ကား ဘာဖြစ်သွားမှန်း မသိလို့ "

သာယာချိုအေးတဲ့ လေသံလေး သူ့နားထဲသို့ စိမ့်ဝင်သွားသည် ။

"စိမ်းလဲ့က ကားသာမောင်းတတ်တာ၊ မပြင်တတ်ဘူးလေ"

စိမ်းလဲ့ရည်ရဲ့ စကားကြောင့် သူ ရယ်ချင်သွားသည် ။

"ကျွန်တော်က ကားတော့ မပိုင်ဘူး ဒါပေမဲ့ နည်းနည်းပါးပါး ပြင်တော့ ပြင်တတ်ပါတယ်"

သူ့ စကားကြောင့် စိမ်းလဲ့ရည်ရဲ့ နှုတ်ခမ်းဖူးဖူးလေး နည်းနည်းပြန့်သွားသည် ။

"ဒါဆို စိမ်းလဲ့ရဲ့ ကားကို ကြည့်ပေးပါလား ဟင်"

"ဟုတ်ကဲ့..."

တက်နေထူးက လွယ်အိတ်ကို ကားအမိုးပေါ်တင်ပြီး၊ ကားခေါင်းထဲသို့ နှိုက်သည် ။

မြင့်မားသော အရပ်၊ ကျယ်ပြန့်သော ပခုံး၊ မို့မောက်သော ရင်အုံ၊ ချပ်ရပ်သော ဝမ်းဗိုက်တို့ နှင့် တင့်တယ်စွာ ယောကျ်ားပီသနေတဲ့ တက်နေထူးကို စိမ်းလဲ့ရည်က စိတ်ဝင်တစား ကြည့်နေမိသည် ။

အသားလတ်လတ် စိုစိုညိုညိုနဲ့ ယောကျ်ားပီသစွာ ချောမွေ့နေတဲ့ သူရဲ့ မျက်နှာကို တစ်ချက် ငေးခနဲ ကြည့်မိသည် ၊ မျက်ဝန်းချင်းဆုံခိုက်၊ တောက်ပြောင် စူးရှတဲ့ သူ့မျက်ဝန်းကို စိမ်းလဲ့ရည် ထူးထူးခြားခြား သတိထားမိပါသည် ။

ကားရဲ့ ပြစ်ချက်ကို အလျင်ဆုံး ဆီနဲ့ မီးကို ကြည့်ရမှာ မို့ တက်နေထူးက အလျင်စ၍ စမ်းသပ်သည် ။ စမ်းသပ်လိုက်စဉ်မှာ ပဲ ဆီမလိုက်တာကို တွေ့ရသည် ။

တက်နေထူး ဆယ်တန်းအောင်ပြီး တက္ကသိုလ် မတက်ခင် စပ်ကြား မှာ ကားဝေ့ါရှော့ တစ်ခုမှာ သွား၍ အလုပ်သင်လုပ်ခဲ့ဖူးသည် ။ ဒါကြော င့် သိပ်ကျွမ်းကျွမ်းကျင်ကျင်ကြီး မဟုတ်ပေမယ့် အထိုက်အလျောက် တော့ ကားပြင်တတ်သည် ။

"ဆီ မလိုက်တာပါ"

ပြင်ရင်းနှင့် စိမ်းလဲ့ရည်ကို မော့ကြည့်ပြီး ပြောသည် ။ စိမ်းလဲ့ရည်က လက်ကလေးနှစ်ဘက် နောက်ပစ်ခါးလေးကိုင်းပြီး ကားခေါင်းထဲသို့ စိ တ်ဝင်တစား ငုံ့ကြည့်နေသည် ။

ပြီးတော့ ကားကို စိတ်ပါလက်ပါ ငုံ့ပြီး ပြင်နေတဲ့ တက်နေထူးရဲ့ မျ က်နှာရဲ့ လှုပ်ရှားဟန်ကို အားမနာတမ်း ခိုး၍ ကြည့်နေလေသည် ။

ခဏအတွင်းမှာ ပဲ တက်နေထူး ကားပြင်၍ ပြီးစီးသွားသည် ။ လက် မှာ လည်း ဆီချေးတွေဖြင့် ပေပွကုန်လေပြီ။ အားလုံး ပြီးစီးတော့ ကိုင်း နေတဲ့ ခါးကို မတ်ပြီး စိမ်းလဲ့ရည်ကို ကြည့်သည် ။

လှပ ရွှန်းလဲ့ လွန်းသော မျက်ဝန်းစိုစိုတွေနှင့် ထိပ်တိုက်ကြုံရခိုက်မှ တက်နေထူးရဲ့ ရင်ထဲ မှာ ပြင်းထန်တဲ့ လှုပ်ရှားမှုကြီး ဖြစ်သွားလေသည် ။

"ကား စက်နှိုးကြည့်ပါဦး"

"ဪ... ဟုတ်ကဲ့"

စိမ်းလဲ့ရည်က သွက်သွက်လေး ကားပေါ်တက်သည် ။ ပြီးတော့ စက် နှိုးသည် သော့တံလေးကို လှည့်လီဗာကို တော့လိုက်တာနှင့် စက်သံက ဝူးခနဲ ထအော်ပါသည် ။

သည် တော့မှ စောစောက စိတ်အိုက်ပြီး စိုခဲ့တဲ့ ချွေးလေးတွေ

သွေ့ခြောက်ရပါလေပြီ၊ ကား ပေါ်မှ စိမ်းလဲ့ရည် ပြန်ဆင်းခဲ့သည် ။ မြင့်မားသော အရပ် ပိုင်ရှင်ကို ချိုလဲ့သော အပြုံးတွေနှင့် မော့ကြည့်သည် ။

သည် လိုပြုံးလိုက်တော့ စိမ်းလဲ့ရည်ရဲ့ မျက်နှာလေး ပို၍ စွဲမက်စရာကောင်းသွားသည် ။ မာန ရောင်တွေ ဝင့်နေတဲ့ မျက်ဝန်းမှာ ချစ်စရာအပြုံးလေးတွေ ဝေနေသည် ။

"ကျေးဇူးတင်ပါတယ် ရှင်"

"မလိုပါဘူးဗျာ၊ ကိုယ့် ကျောင်းသား အချင်းချင်း ကူညီရတာပဲ"

သံလိုက်ဓာတ်နဲ့ ဆွဲထားသလို ညို့ငင်အားကောင်းလွန်းတဲ့ စိမ်းလဲ့ရည်ရဲ့ မျက်နှာမှ အကြည့် ကို မနည်းကြီး ခွာပစ်ရသည် ။ ခပ်လှမ်းလှမ်းက ရေတမာပင်ဆီသို့ အကြည့်ကို ပို့ထားလိုက်သည် ။

"ဘယ်ဟုတ်မလဲ ရှင်၊ စိမ်းလဲ့ ဒုက္ခရောက်နေတုန်း ကူညီတာ အရမ်းကျေးဇူးတင်ပါတယ် ကို..."

စိမ်းလဲ့ရည်က ဘယ်လိုခေါ်ရမှန်း မသိ၍ စကားကိုဖြတ်ပြီး မျက်လုံးလေး ဝင့်ကြည့်နေပါ သည် ။

"ကျွန်တော့် နာမည် တက်နေထူးပါ"

"ကျေးဇူးနော် ကိုတက်နေထူး၊ ကျွန်မ နာမည်က စိမ်းလဲ့ရည်ပါ၊ မြန်မာစာ တတိယနှစ်မှာ တက်ပါတယ်"

"ဟုတ်ကဲ့... ကျွန်တော်က အင်္ဂလိပ်စာ တတိယနှစ်ပါ"

"ဟင်... ဟုတ်လား၊ တစ်ဆောင်တည်းမှာ တက်ကြပြီး စိမ်းလဲ့တို့ မဆုံမိကြဘူးနော်"

တက်နေထူး ဘာမှ ပြန်မပြောဘဲ ပြုံးရုံလေး ပြုံးနေပါသည် ။

"မင်းကသာ တို့ ကို မသိတာပါ စိမ်းလဲ့ရည်ရယ် တို့ ကတစ်ဖက်သတ်ကြီး မင်းကို ရင်းနှီးနေ တာ ကြာပါပြီ၊ အေးလေ မင်းလို သူဌေးသမီး တစ်ယောက်က တို့လို လူဆင်းရဲလေးကို သတိမမူ မိတာ သဘာဝ ကျပါ တယ်၊ ထူးဆန်းတဲ့ ကိစ္စမှ မဟုတ်တာ"

ရင်ထဲမှာ အားငယ်စိတ်တွေ ကြီးစိုးပြီ တက်နေထူး ဝမ်းနည်းပမ်းန ည်းကြီး ပြောလိုက် ပါသည် ။

"ခု ကျောင်းတက်မလို့ မဟုတ်လား လာလေ သွားကြရအောင်"

စိမ်းလဲ့ရည်က ကားခေါင်းရှေ့မှ လှည့်ထွက်ပြီးပြောသည် ။

"ရပါတယ်၊ ကျွန်တော် လမ်းလျှောက်သွားပါ့မယ်"

"အို... မဟုတ်တာ ကိုတက်နေထူးကလဲ၊ တစ်နေရာတည်းကို သွားရ မှာ အတူတူ သွားတာ ပေါ့"

တက်နေထူးသည် စိမ်းလဲ့ရည်ရဲ့ ကားပေါ်တက်ပြီး မစီးရဲအောင် စိ တ်ထဲမှာ သိမ်ငယ်မိပါ သည် ။

"ရပါတယ်... ကျေးဇူးတင်ပါတယ် မစိမ်းလဲ့ရည်၊ ကျွန်တော် လမ်းပဲ လျှောက်သွားတော့ပါ မယ်"

"အို... ကိုတက်နေထူးကလဲ သိပ်ပြီး ကပ်တာပဲ၊ စိမ်းလဲ့ ကျေးဇူးတင် လွန်းလို့ ပါ လိုက်ခဲ့ပါ ရှင်ရဲ့ "

မကျေနပ်သလို မျက်နှာလေး စူစူမူမူနဲ့ စိမ်းလဲ့ရည်က ပြောသည် ၊ နှု တ်ခေါ်နေတာကို အတင်း ငြင်းရမှာ အားနာပြီး တက်နေထူး လိုက်သွား ရန် ဆုံးဖြတ်လိုက်သည် ။ ကားနောက်ခန်းဆီသို့ ဝင်ရန် ဟန်ပြင်သည် ။

"ရှေ့မှာ ပဲ လာထိုင်ပါ ကိုတက်နေထူးရဲ့ "

စိမ်းလဲ့ရည်က တရင်းတနှီး ခေါ်လိုက်သည် ၊ ရင်ထဲမှာ ဖော်မပြနိုင်အောင် ကြည်နူး သွားရပါ သည် ။

စိမ်းလဲ့ရည်က ကားမောင်းသူ၏ ဘေးမှ ထိုင်ပြီး တောင်ငူဆောင်ဆီသို့ မောင်းဝင်ခဲ့သည် ။ တောင်ငူဆောင် ရှေ့နားမှာ ကားကို ထိုးရပ်လိုက်သည် ။ နှစ်ဦးသား ကားပေါ်မှ ဆင်းခဲ့သည် ။

အနီးအနားမှာ ရှိသော ကျောင်းသူ ကျောင်းသား အချို့အံ့ဩ စိတ်ဝင်စားသော မျက်ဝန်းတွေ နှင့် ကြည့်နေတာ တွေ့ရသည် ။ တက်နေထူး ရင်ထဲ ရှိန်းခနဲ ဖြစ်သွားသည် ။

"ကိုတက်နေထူး၊ တစ်ခုခုစားပါဦးလား"

"တော်ပါပြီ ခင်ဗျာ၊ ကျွန်တော် ထမင်းစားခဲ့လို့ ဗိုက်ပြည့်နေပါပြီ"

"ဒါဆို နေ့လယ်ကျ စားရမယ်နော်၊ စိမ်းလဲ့ကကျေးဇူးတင်လို့ ကျွေးပါရစေ"

"မလိုပါဘူး မစိမ်းလဲ့ရည်ရယ်..."

"အို... မရဘူး၊ အတန်းမှာ စိမ်းလဲ့ လာခေါ်မှာ ပဲ"

မှုန်ညက်နေအောင် လှတဲ့ စိမ်းလဲ့ရယ်ကို ကြည့်ရင်းမာန ကင်းစင်သလောက် ဇွတ်တရွတ် နိုင်တတ်သည် ကို တက်နေထူး သိလိုက်ပါသည် ။

"ဒါဆို... စိမ်းလဲ့ သွားမယ်၊ ကိုတက်နေထူးရဲ့ အခန်းကို မေးပြီး လာခေါ်မယ် သိလား"

"ဟို... နေပါဦး မစိမ်းလဲ့ရည်"

တက်နေထူး ရင်ထဲသိပ်ကို အားနာသွားသည် ။ စိမ်းလဲ့ရည်သူ့ကို အခန်းထိ လာခေါ်မှာ ကို တော့မလိုလားပါ။ သူများ တွေ စိမ်းလဲ့ရည်ကို

တစ်မျိုးထင်သွားမှာ အထင်သေးသွားမှာ ကို သူလုံးဝ မလိုလားပါ။

ထွက်သွားဟန်ပြုစ ဖြစ်နေသော စိမ်းလဲ့ရည် တက်နေထူး တားလိုက်၍ လှမ်းနေသော ခြေလှမ်း တန့်သွားသည် ။

"ဘာလဲ ပြောလေ..."

တားပြီးမှ ဘာစကားမှ မထွက်လာသေးတဲ့ တက်နေထူးကို မော့ကြည့်ပြီး မေးသည် ။

"ဟိုလေ... ကျွန်တော် ကင်တင်းမှာ ရှိနေပါမယ်"

"သြော်... ဒါဆို စိမ်းလဲ့ ကင်တင်းကိုလာခဲ့မယ်နော်"

"ကောင်းပါပြီ..."

သူ့ကို နှုတ်ဆက်ပြီး ဖြည်းလေးစွာ မျဉ်းတစ်ကြောင်းတည်း ထပ်အောင် ခြေလှမ်းတွေကို လှမ်းပြီး လျှောက်သွားလေသည် ။ ထုံးစံအတိုင်း မျက်နှာလေး မော့ချီပြီး မျက်လွှာ ချထားလေသည် ။ သည်ဟန်ကား စိမ်းလဲ့ရည် မာနကြီးသည် ကို ဖော်ပြနေသလို ဖြစ်လေသည် ။

တကယ်တော့ စိမ်းလဲ့ရည်သည် မာနဆိုလို့ မြူမှုန်လောက်တောင် မရှိတဲ့ မိန်းကလေး ပါလား။

တက်နေထူး ရင်ထဲမှာ ကျေကျေနပ်နပ်ကြီး ပထမဦးဆုံး အထင်ကြီးမှတ်လေး တစ်မှတ်ပေး လိုက်ပါသည် ။

*****

# (၄)

တက်နေထူး စာသင်ခန်းဆီသို့ လှမ်းခဲ့ပါသည် ။ စာသင်ခန်းထဲမှာ လူရှင်းနေသည် ။ စာအုပ်ကို ထုတ်သည် ။ ပြီးခဲ့သည့် လက်ချာတွေကို လေ့လာနေသည် ။

"ဟေ့ကောင်..."

အူလျားဖားလျားနှင့် ဝေမောင် သူ့ဆီသို့ ရောက်လာသည် ။ လွှားခနဲ ထိုင်ခုံကို ကျော်ပြီး ထိုင်သည် ။ ဝေမောင်ရဲ့ အမောတကော နိုင်လှတဲ့ မျက်နှာကို ခပ်တည်တည်ပင် တက်နေထူး လှမ်း ကြည့်သည် ။

"မင်း... မင်း ဒီနေ့ စိမ်းလဲ့ရည်နဲ့ အတူတွဲပြီး ကားစီးလာတယ်ဆို"

လျှာခလုတ်တိုက် မတတ်နှင့် ဝေမောင်က အသက်ရှူဖို့ ပင် မေ့နေပုံနှင့် မေးသည် ။ ကျောင်းသို့ အလာကင်တင်းမှ ဆီးပြီး သူငယ်ချင်း အချို့ သတင်းပေးမှုကြောင့် ဝေမောင်က အလွန်ထူးဆန်းတဲ့ သတင်းကို အပြည့်အဝကြားခဲ့ရသည် ။

ဒါကြောင့် မဆိုင်းမတွ အပြေးအလွှား တက်နေထူးဆီသို့ ပြေးခဲ့လေသည် ။

"ဟ... သတင်းကလဲ မြန်လှချည်လား"

မပြုံးမရယ် တည်ငြိမ်တဲ့ မျက်နှာနဲ့ တက်နေထူးက သူ့ကိုကြည့်ပြီး

ပြောသည် ။

"ဟေ့ကောင်.... ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲ"

"ဖြစ်ချင်သလို ဖြစ်ကုန်တာလေ..."

သိပ်ပြီး သိချင်စိတ် ပြင်းပြနေတဲ့ ဝေမောင်ကို တက်နေထူးက တမင် ကလိလိုက်သည် ။

"ပြောစမ်းပါကွာ၊ မင်းကလဲ အရေးထဲ အိုက်တင်ခံနေတယ်"

"နေစမ်းပါဦး၊ ငါနဲ့ စိမ်းလဲ့ရည် တူတူလာတာ သိပ်ထူးဆန်းနေသလား ဝေမောင်"

"ထူးဆန်းတာပေါ့ကွ၊ ဘယ်လိုမှ မထင်မှတ်ထားတဲ့ အဖြစ်ပဲ"

ဝေမောင်ရဲ့ အပြောကြောင့် တက်နေထူးရဲ့ မျက်ဝန်းတစ်ချက် ညှိုးကျသွားသည် ။

"ဟုတ်သားပဲလေ၊ ရွှေမင်းသမီးနဲ့ သူဆင်းရဲသား ဘာဆိုင်တာလိုက်လို့ ...."

မိုးနဲ့ မြေပမာ ကွာခြားလွန်းတဲ့ အဆင့်အတန်းကြောင့် တက်နေထူး ရင်ထဲမှာ အားငယ်သိမ် ငယ်သွားရပါသည် ။

"ဟုတ်ပါတယ်၊ ငါနဲ့ စိမ်းလဲ့ရည်က ဘယ်လိုမှ မစပ်ဟပ်တဲ့ လူသားနှစ်ယောက်ပါ'

မှိုင်းဝေသွားတဲ့ သူငယ်ချင်းရဲ့ မျက်နှာကို ကြည့်ပြီး ဝေမောင် စိတ်မကောင်း ဖြစ်သွားရ သည် ။

"ဟေ့ကောင်....တလွဲအဓိပ္ပာယ်ကောက်မနေနဲ့ ၊ မင်းကိုငါတို့ အံ့သြနေတယ်၊ အဲဒါဘာကြောင့် လဲသိလား၊"

"အဆင့်အတန်းမတူတဲ့ ငါ့ကို သူ့ကားပေါ် တရင်းတနှီးကြီး ခေါ်လာလို့ ပေါ့"

"ဟာကွာ မင်းကလဲ တလွဲတွေးနေပြန်ပြီ၊ စိတ်ပျက်စွာ မျက်နှာကြီးရှုံ့မဲ့ပြီး ဝေမောင်က ပြော သည် ။

"တခြားလူတွေ အရမ်းစိတ်ဝင်စားနေတဲ့ စိမ်းလဲ့ရည်ကို မင်းလုံးဝ စိတ်မဝင်စားခဲ့တာ အားလုံးသိကြတယ်၊ ဖြတ်သွားရင် အားလုံးငေးကြည့်ကြတဲ့ ကျောင်းသားတွေထဲမှာ မင်း မပါဘူး လေ၊ ဒါ ကအများ သိ"

ဝေမောင်က ဖြည်းဖြည်းလေးလေးလေသံနှင့် ရှင်းသည် ။

"အဲလို စိတ်မဝင်စားဘဲ နေခဲ့ပြီးမှ ဗြုန်းခနဲ စိမ်းလဲ့ရည်ရဲ့ ကားပေါ် ရောက်သွားတော့ အံ့သြ နေတာပေ့ါ"

"အင်း... ဟုတ်တော့ ဟုတ်တယ်၊ အံ့သြချင်စရာပေ့ါ"

"အေး... အဲလို နားလည်စမ်းပါ"

သည် တော့မှ ဝေမောင် ဘဝင်ကျပြီး ရှုံ့နေတဲ့ မျက်ခုံးအတွန်း ပြေလေသည် ။

"ဒါနဲ့ လင်းစမ်းပါဦး၊ ဘယ်လိုက ဘယ်လိုဖြစ်ရတယ် ဆိုတဲ့ အကြောင်း"

"မင်း သိပ်သိချင်တယ်ပေ့ါ"

"ငါတင် မကဘူး၊ ဘော်ဒါ အားလုံးသိချင်နေတာ"

"မင်းတို့ ဟာလေ... သူများ ကိစ္စကို သိပ်စိတ်ဝင်စား ကြတာကိုး..."

တမင် ဝေမောင် အသည်းယားအောင် ကလိလိုက်သည် ။

ဝေမောင့် မျက်နှာကြီး မကျေနပ်ရိပ်တွေ လွှမ်းသွားသည် ။

"ဟေ့ကောင်… စျေးမကိုင်နဲ့ ၊ ပြောမှ သာ ပြောစမ်းကွာ…"

"ဒီလိုကွာ… မနက်က ငါကျောင်းအလာ အဓိပတိလမ်းထိပ်မှာ သူ ကားပျက်နေတာတွေ့ တယ်၊ သွားကူပြီးပြင်ပေးတယ်၊ သူက ငါ့ကို ကျေးဇူးတင်ပြီး သူငယ်ချင်းဖြစ်သွားတယ်ကွာ"

ဝေမောင်က ဝမ်းသာအားကျသည့် မျက်နှာကြီးနှင့် တက်နေထူးကို ကြည့်နေပါသည် ။

"ဟာ… ဟန်ကျလိုက်တာကွာ၊ မင်း တကယ်ကံကောင်းတဲ့ ကောင်ပဲ "

"အေး… ဒီထက် ကံကောင်းတာ ထပ်ပြောဦးမယ်"

"ဘာလဲ၊ မြန်မြန်ပြောစမ်း"

အမောတကော လောလောကြီးနှင့် ဝေမောင်က မေးသည် ။

"နေ့လည် ကင်တင်းမှာ သူနဲ့ ငါ တွေ့ဖို့ ချိန်းထားတယ်"

"ဟတ်ရှားပါး၊ တက်နေထူးတို့ သိပ်ကံထူးနေပါလားကွ"

"ငါ မသွားချင်ပါဘူးကွာ၊ သူက အတင်းပဲ ငါ့အခန်းကို လာခေါ်မယ် ဆိုလို့ ငါကပဲ ကင်တင်းကစောင့်နေမယ် ပြောလိုက်ရတယ်"

"မင်း တော်တော်ညံ့သေးတာပဲ၊ ဒီအခွင့်အရေးမျိုး ရှားရှားပါးပါး ရ တာအသုံးမချတတ်ဘူး"

"ငါသူနဲ့ မရင်းနှီးချင်ဘူး ဝေမောင်"

"ဟေ…"

ဝေမောင်က တည်ကြည် ငြိမ်သက်တဲ့ တက်နေထူးရဲ့ မျက်နှာကို တအံ့တသြ ကြည့်နေသည် ။

"မင်းစိတ်တော့ ကောင်းပါသေးတယ်နော်... တက်နေထူး"

စိတ်ပျက် လက်ပျက်ကြီး ဝေမောင်က ပြောသည် ။

"အဆင့်အတန်းချင်း သိပ်ကွာ၊ သဘာဝချင်း မစပ်ဟပ်တဲ့ သူနဲ့ ငါ မခင်ချင်ဘူး ဝေမောင်"

မှိုင်းရီသော မျက်ဝန်းတွေနှင့် တက်နေထူးက လေးလေးနက်နက် ပြောသည် ။

"သူပဲ ကျောင်းသူ၊ မင်းလဲ ကျောင်းသား အဆင့်ချင်းတူတူ၊ ဘာလို့ မခင်နိုင်ရမှာ လဲ"

"သူဌေးသမီးနဲ့ အညတရမှာ အဆင့်တွေ ကြားထဲမှာ သိပ်ကို ကွာဟနေတယ် ဆိုတာ မင်းမမေ့သင့်ဘူး ဝေမောင်"

မနက်က စိမ်းလဲ့ရည်နှင့် မျက်ဝန်းချင်း ဆုံခိုက် သူ့အသည်းနှင့်အောင် စိမ်းလဲ့ရည်ကို ချစ်မိ နေပြီဆိုတာ တက်နေထူး သိနေပါသည် ။ ဒါကြောင့်မို့ မဖြစ်နိုင်သည့် အချစ်ရေးကို ကြိုတင် ရှောင်တိမ်း လိုသည့်သဘောပါ။ စိမ်းလဲ့ရည်နှင့် မခင်ချင်ပါ၊ အနေမနီးချင်ပါ၊ ရင်ထဲမေတ္တာတွေ ပိုပြီးမကြီးထွားချင်ပါ။

ရင်နင့် ကြေကွဲရမည့် အဖြစ်ကို သိသိကြီးနဲ့ ဇွတ်တိုးရှေ့ မဆက်ချင်ပါ။ ပိုးဖလံလေးလို မီး ကိုတိုးပြီး ကိုယ့်သေတွင်းကိုလည်း ကိုယ်မတူးချင်ပါ။

"မင်းကို ငါနားမလည်တော့ဘူး တက်နေထူး"

တက်နေထူးကို စိတ်ပျက်စွာကြည့်ပြီး ပြောသည်။

"နားမလည်လဲ နားလည်အောင် မကြိုးစားနဲ့ တော့"

"ဟော့ကောင် ငါမေးမယ်၊ မင်းမှန်မှန်ဖြေမလား"

သူ့ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ဝေမောင် မေးသည်။

"ဘာမေးမှာ လဲ"

"မင်း စိမ်းလဲ့ရည်ကို စိတ်မဝင်စားဘူးလား"

ဝေမောင့်ရဲ့ အမေးကြောင့် ရင်ထဲက ခံစားချက်တွေ အရင်းအတိုင်း ဖောက်သည် ချ ပစ်ချင် စိတ်ပင် ပေါက်သွားသည်။

"ယောက်ျားလေးတိုင်း လိုလို စိတ်ဝင်စားနေတဲ့ မိန်းကလေးကို မင်း စိတ်မဝင်စားဘူးလား တက်နေထူး"

"စိတ်ဝင်စားသားပဲ"

"စိတ်ဝင်စားရင် ရင်းနှီးခွင့်ရတာ ဘယ်လောက် ပျော်စရာကောင်းလဲ ကွာ"

"ငါက စိတ်ဝင်စားရုံတင် မဟုတ်ဘူး ဝေမောင်၊ ဒါကြောင့် ခက်နေ တာ"

ဝေမောင့်ရဲ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ တအံ့တဩ တက် နေထူးကို ပါးစပ်အ ဟောင်းသားနှင့် ကြည့်သည်။

"ဘယ်လို၊ စိတ်ဝင်စားရုံမကဘူး၊ ဟုတ်လား"

"အေး....ဟုတ်တယ်၊ ငါသူ့ကို သိပ်ချစ်နေမိလို့ ပဲ ဝေမောင်"

"အလိုဗျာ...."

ခုမှ ဝေမောင်ရဲ့ မျက်လုံးကြီး ပို၍ ပြူးသွားသည် ။

"မင်းက စိမ်းလဲ့ရည်ကို ချစ်တယ်၊ ဟုတ်လား"

"အေး...."

ခပ်အေးအေး တည်ငြိမ်တဲ့ မျက်နှာနဲ့ တက်နေထူးက ဖြေသည် ။

"မင်းက ဘယ်တုန်းက သူ့ကို စချစ်တာလဲ"

"ကြာပီလေ"

"ဟာကွာ၊ မင်း တော်တော်ဟန်ဆောင်နိုင်တဲ့ ကောင်ပဲ၊ ဒါနဲ့ များတောင် မင်း စိမ်းလဲ့ရည်ကို စိတ်မဝင်စားသလို မကြည့်ဘဲတောင် နေနိုင်တယ်"

"ဘယ်လိုမှ မရှင်သန် မဖွံ့ဖြိုးလာနိုင်တဲ့ သစ်ပင်ကို အစ ကတည်းက မစိုက်တာ ကောင်း ပါတယ် ဝေမောင်"

"မင်းကလဲကွာ၊ ယောကျ်ားမဟုတ်သလိုပဲ၊ သိပ်အားငယ်တတ်တဲ့ ကောင်ပဲ"

"အားငယ်စရာရှိတဲ့ ဘဝအတွက် အားငယ်မိတာ သဘာဝကျပါတယ် ဝေမောင်ရာ"

"မင်း အယူအဆက မဟုတ်သေးပါဘူးကွာ တက်နေထူးရာ"

"ငါ့ ရင်ထဲမှာ တောက်လောင်နေတဲ့ မီးကို ငါ ကြိုးစားပြီး ငြိမ်းသတ်နေတယ် ဝေမောင်၊ မီး လောင်ရာ လေပင့်သလို မီးတောက်ကြီးအောင် မင်း ပင့်ဖို့ မကြိုးစားချင်ပါနဲ့ ဝေမောင်ရယ်"

တက်နေထူးကို ကြည့်ပြီး ဖြည်းလေးစွာ ဝေမောင် ခေါင်းယမ်းလိုက်မိပါသည် ။

"စိမ်းလဲ့ရည်ရဲ့ ဘေးမှာ ဝိုင်းရံနေတဲ့ သူတွေက ငါ့ထက်သာတဲ့ လူတွေချည်းပဲ၊ အဲဒီလူတွေနဲ့ ယှဉ်ပြီး ဝင်ရမယ့် ပြိုင်ပွဲအတွက် အဖြေက ရှိနှင့်ပြီးသားပဲ"

တည်ငြိမ်တဲ့ လေသံနဲ့ တက်နေထူးက ဆွေးလျစွာ ပြောနေသည် ။

"အရှုံးပေါ်မယ့် စာမေးပွဲကို ငါမဝင်ချင်ဘူး၊ မဖြေချင်ဘူး၊ ငါ့ရဲ့ စိတ်ကို မနွမ်းစေချင် ဘူးကွာ"

"အရှုံးပေါ်မယ်လို့ ထင်နေတဲ့ စာမေးပွဲကို ယောကျ်ားတို့ ရဲ့ လုံ့လဝီရိယနဲ့ အားသွန်ပြီး မင်း ကြိုးစားမဖြေချင်ဘူးလား တက်နေထူး"

"မဖြေဝံ့ဘူး ဝေမောင်"

"ညံ့လိုက်တဲ့ ကောင်ကွာ"

"အချစ်ရေးမှာ ငါ့ကို ညံ့တယ်လို့ ပဲ ထင်လိုက်ပါတော့ ဝေမောင်"

ဆရာက စာသင်ခန်းထဲ ဝင် လာပြီမို့ ဝေမောင်နှင့် တက်နေထူး စကားပြတ်သွားသည် ။ တက်နေထူးက သက်ပြင်းနက်နက် ရှိုက်ပြီး အကြည့်ကို ကျောက်သင်ပုန်းဆီသို့ ပို့လိုက်သည် ။

******